# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 24, 2024 | Volume 80, Number 17


## မိုးတွင်း ငရုတ်ဈေး ငြိမ်နေ




လက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပန်းရဲသစ် တစ်ပိဿာလျှင် ၄၀၀၀ ကျပ်မှ ၄၅၀၀ကျပ်၊ မြားနီတစ်ပိဿာလျှင် ၃၅၀၀ ကျပ်မှ ၄၀၀၀ ကျပ်နှင့် မိုးထောင်မြစ်ဝ တစ်ပိဿာလျှင် ၈၅၀၀ ကျပ် မှ ၉၀၀၀ ကျပ်၊ ဆင်ဖြူကျွန်းပု ၁၀,၀၀၀ ကျပ်မှ ၁၁,၅၀၀ ကျပ်ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

လက်ရှိ မိုးတွင်းကာလ ငရုတ်ဈေးငြိမ်နေကာ ဈေးကွက်အေးနေကြောင်း ကုန်သည်များထံမှသိရသည်။ ယခုလအတွင်း ဈေးငြိမ်လျက်ရှိပေမဲ့ ပြီးခဲ့သည့်လအစနှင့် ယှဉ်မည်ဆိုပါက တစ်ပိဿာလျှင် ၅၀၀ မှ ၁၀၀၀ ကျပ်အထိ ကျဆင်းသွားကြောင်း သိရသည်။

လက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပန်းရဲသစ် တစ်ပိဿာလျှင် ၄၀၀၀ ကျပ်မှ ၄၅၀၀ ကျပ်၊ မြားနီတစ်ပိဿာလျှင် ၃၅၀၀ ကျပ်မှ ၄၀၀၀ ကျပ်နှင့် မိုးထောင်မြစ်ဝ တစ်ပိဿာလျှင် ၈၅၀၀ ကျပ်မှ ၉၀၀၀ကျပ်၊ ဆင်ဖြူကျွန်းပု ၁၀,၀၀၀ မှ ၁၁,၅၀၀ ကျပ်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ "ငရုတ်ကတော့ မိုးတွင်းကာလ စိုက်ခင်းတချို့ ပျက်စီးမှုတွေရှိနိုင်တယ်။ အဝင်နည်းပြီး နှစ်တိုင်းတော့ မိုးတွင်းဆို ဈေးတက်လေ့ရှိတယ်။ ဒီနှစ်က အကျဈေးမှာ ငြိမ်နေတယ်။ ဈေးတက်တက် မတက်တက် တောင်သူတွေအတွက် ဈေးမရဘူး " ဟု ဧရာဝတီတိုင်းဒေသကြီးမှ ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

### ၂၄.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၄.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၇.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၆၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၀၆၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

လက်ရှိ မိုးတွင်းငရုတ်အစိုသာရှိနေသေး၍ လှောင်ထားနိုင်သည့်ကုန်သည်များအပ အမှည့်၊ အခြောက်ပစ္စည်းရှိမှုနည်းကြောင်း ငရုတ်စိုက်တောင်သူအချို့ထံမှ သိရသည်။

"ပြည်ပတင်ပို့မှုနည်းလို့ အကျစျေးနဲ့ငြိမ်တယ်လို့ပြောကြတာပဲ။ ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချရလို့ တချို့တောင်သူများအနေဖြင့် အသက်ရှုချောင်နေတာ။ တောင်သူတွေအဖို့ အရှုံးပေါ်တာများတယ်ဟု ရှမ်းပြည်နယ် အောင်ပန်းက ကုန်သည်တစ်ဦးကပြောသည်။

ရှမ်းပြည်နယ်တွင် ရှမ်းပွခြောက် တစ်ပိဿာလျှင် ၇၀၀၀ ကျပ်၊ ရှမ်းသွယ်ခြောက် တစ်ပိဿာလျှင် ၉၀၀၀ ကျပ်၊ ကုလားအော်သီးခြောက် တစ်ပိဿာလျှင် ၃၀,၀၀၀ မှ ၄၀,၀၀၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း အောင်ပန်းမြို့ ကုန်စည်အမျိုးမျိုး ရောင်းဝယ်ရေးဒိုင်မှသိရသည်။

မိုင်းလားလမ်းပိုင်းမှ ကုန်ကားများနှင့်သယ်ယူပို့ဆောင်နေရခြင်းကြောင့် အခက်အခဲအနည်းငယ်ရှိနေသည်ဟု သိရသည်။ ငရုတ်သီးနှံကို နှစ်စဉ် မိုးကြိုငရုတ်၊ မိုးရာသီငရုတ်နှင့် ဆောင်းငရုတ်ဟူ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်းသိရပြီး မိုးကြိုငရုတ်ကို မတ်လနှင့်ဧပြီလတို့၌စိုက်ပျိုးပြီး ဇွန်လတွင် စတင်ခူးဆွတ်လေ့ရှိကြောင်း သိရသည်။

လက်ရှိ ငရုတ်သီးအား ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံသို့ အဓိကထားတင်ပို့နေပြီး လာအို၊ မလေးရှားစသည့်နိုင်ငံများသို့လည်း တင်ပို့နေကြောင်း သိရသည်။

**Source: AMIA**

**Htwet Toe**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၅-၇-၂၀၂၄ မှ ၁၈-၇-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

### မတ်ပဲနှင့်ပဲစင်းငုံ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၃၅၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၆၆၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၄၅၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၈၃,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၆၃၈,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၃၂,၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၀ လုံး (တန်ချိန် ၁၉၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅လုံး (တန်ချိန် ၃၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀လုံး (တန်ချိန် ၄၈၀)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

### ငရုတ်

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၄၅၀၀၊ မြားနီ ကျပ် ၄၀၀၀ ၊ ပန်းတနော်ရှည် ကျပ် ၃၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁,၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၃၀၀ (၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### မန်ကျည်းသီး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၆၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၆၄၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း

မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၄၆၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၇၅၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၅၉၅၀၊ ကြံသကာ ကျပ် ၃၃၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၅၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၅-၇-၂၀၂၄ မှ ၁၈-၇-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၀၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၉၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၉၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၄၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၀၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၉၀၀၊ မုံရွာလတ်သန့် ကျပ် ၁၈၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၄ စီး(၆၂၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၁ စီး (၅၄၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၃ စီး (၇၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၁,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၉၆၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀,၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀,၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၇၀၀ (၁၄၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၈၀၀ (၁၁၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၉၀၀ (၂၇,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးမြို့နှင့် တရုတ်မှအာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ ဟဲဟိုး OK ကျပ် ၃၅၀၀ ၊ ဟဲဟိုး S1 ကျပ် ၃၅၀၀ နှင့် တရုတ်အာလူး ကျပ် ၄၅၀၀ ဈေးနှုန်းအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၂၇ စီး (၁၆၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၆ စီး (၉၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၁ စီး (၆၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၇၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၇၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြ၍သိရသည်။ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက ငါးစည်ဖောင်းခြောက် ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ ငါးစည်ဖောင်းခြောက်ပိဿာချိန် ၇၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကထွက်တဲ့ ပင်လယ်ငါးစည်ဖောင်းခြောက်တွေက ပင်လယ်ငါးတွေဖြစ်တဲ့ ငါးရွှေငါး၊ နတ်ကတော်ငါး၊ ငါးရောင်ငါး၊ ငါးပုတ်သင်ငါး စတဲ့ငါးတွေကို ဝမ်းဗိုက်ခွဲပြီး အတွင်းကရရှိတဲ့ ငါးစည်ဖာင်းတွေကို စနစ်တကျသန့်စင်တယ်။ ပြီးတော့ နေပူလှန်းအခြောက်ခံပြီးမှ ရရှိတာဖြစ်ပါတယ်။ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဇွန်လပထမပတ်က စပြီး ဝယ်ယူမှုများလာတာကြောင့် အရောင်းအဝယ်ကောင်းမွန်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်ကလဲ ငါးစည်ဖောင်းခြောက်တွေကို စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာစားသုံးသူများတော့ မှာယူမှုများလို့ အရောင်းအဝယ်ဖြစ်နေတာပါ။ ဒေသထွက် ငါးစည်ဖောင်းခြောက်တွေအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်" ဟု ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက်များ၏ တစ်ပိဿာဈေးနှုန်းမှာ ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၈,၀၀၀၊ နတ်ကတော်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၉,၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၀,၅၀၀ မှ ၃၄,၅၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅,၀၀၀ စသည့် စည်ဖောင်းခြောက် အကြီးအသေးအပေါ်မူတည်ပြီး ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။

မအူပင်မြို့နယ်အတွင်း ရှမ်းပြည်နယ်ဘက်မှ ကြက်သွန်ဖြူများဝင်ရောက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇွန်လက ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူ တစ်ရက်လျှင် ပိဿာချိန် ၄၀၀ ထိသာ အရောင်းအဝယ်ရှိခဲ့ပြီး၊ ဇူလိုင်လ ပထမပတ်မှ ဇူလိုင်လ ၂၃ ရက်ထိ တစ်ရက်လျှင် ကြက်သွန်ဖြူပိဿာချိန် ၆၀၀ ထိ အရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

"ကြက်သွန်ဖြူက အခုလ ပထမပတ်လောက်ကတည်းက အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ မအူပင်မြို့နယ် အတွင်းက ရှမ်းပြည်နယ်ဘက်ကနေထွက်တဲ့ ကြက်သွန်ဖြူတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဝင်ရောက်နေတဲ့ ကြက်သွန်ဖြူတွေက သန့်ရှင်းပြီး အရည်အသွေးကောင်းတာလဲ တွေ့ရပါတယ်။ လက်ရှိ ကြက်သွန်ဖြူ တစ်ပိဿာကို ငွေကျပ် ၉၅၀၀ ကနေ ငွေကျပ် ၁၁,၀၀၀ လောက်ထိ ပေါက်ဈေးရှိပါတယ်" ဟု မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။

မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် ကြက်သွန်ဖြူပွဲရုံများသို့ တစ်ရက်လျှင် ကြက်သွန်ဖြူ ပိဿာချိန် ၁၀၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊

လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## အိန္ဒိယသမ္မတနိုင်ငံ၊ နယူးဒေလီမြို့ရှိ Hotel Taj Palace ၌ "BIMSTEC Business Summit" ကျင်းပပြုလုပ်မည်

အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ Confederation of Indian Industry (CII) တို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်မှ ၈ ရက်အထိ နယူးဒေလီမြို့ရှိ Hotel Taj Palace ၌ "BIMSTEC Business Summit" ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနား၌ Trade and Logistics, Energy, Service, Operationalization of BIMSTEC FTA, Synergies on Mountain and Blue Economy and Gender mainstreaming စသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဘာသာရပ်အလိုက် ဆွေးနွေးမှုများ၊ B2B အစည်းအဝေးများ၊ နိုင်ငံအလိုက်ဆွေးနွေးမှုများ၊ စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အခမ်းအနားသို့ အစိုးရနှင့် စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်နေသည့် သက်ဆိုင်သူများအားလုံး၊ ပညာရှင်များ၊ သုတေသနအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းကျွမ်းကျင်သူများ ပါဝင်တက်ရောက်ကြမည်ဖြစ်သည့်အတွက် ထူးခြားသည့်အခမ်းအနားတစ်ခု ဖြစ်သည်။

အဆိုပါ BIMSTEC Business Summit သို့ ပါဝင်တက်ရောက်မည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Registration ဆိုင်ရာ ကိစ္စများအပါအဝင် အသေးစိတ်သိရှိလိုသည်များကို BIMSTEC BUSINESS SUMMIT 2024 ၏ ဝက်ဘ်ဆိုက် Link (https://cam.mycci.in/OR/ EventDetailOR.html?id=E000066055) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၃၀၈၆၂၂၊ E-mail: event.td.myantrade @gmail.com တို့သို့လည်း ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source:** https://myantrade.gov.mm/

## အိန္ဒိယတွင် မိုးရာသီစိုက်ပျိုးဧရိယာ ဟက်တာ ၇၀၄ သိန်းအထိ မြင့်တက်လာပြီး ပဲမျိုးစုံစိုက်ပျိုးဧရိယာ တိုးလာသော်လည်း ဝါစိုက်ပျိုးမှုကျဆင်း

ယခုနှစ် မိုးရာသီအတွင်း အိန္ဒိယနိုင်ငံ၏ စုစုပေါင်းစိုက်ပျိုးဧရိယာမှာ ဟက်တာ ၇၀၄ သိန်း ကျော်သွားပြီဖြစ်ကြောင်း၊ ယင်းသည် ပြီးခဲ့သည့်ရာသီတွင် စိုက်ပျိုးခဲ့သည့် ဟက်တာ ၆၈၀ ဒသမ ၃၆ သိန်းမှ သိသိသာသာမြင့်တက်လာခြင်းဖြစ်သည်ဟု စိုက်ပျိုးရေးနှင့်တောင်သူလယ်သမားများ လူမှုဖူလုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောအချက်အလက်များတွင် အဓိကဖော်ပြထားကြောင်း သိရသည်။

ယင်းကိန်းဂဏန်းအချက်အလက်များအရ စပါးသီးနှံသည် ယခင်နှစ်က ဟက်တာ ၁၅၅ ဒသမ ၆၅ သိန်းမှ ယခုနှစ်ရာသီတွင် ဟက်တာ ၁၆၆ ဒသမ ၀၆ သိန်းအထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယင်းတိုးလာမှုသည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် စပါး၏ဆက်လက်ထင်ရှားမှုကို ပြသနေကြောင်း ဖော်ပြထားသည်။

ပဲမျိုးစုံစိုက်ပျိုးမှုသည်လည်း သိသိသာသာမြင့်တက်လာခဲ့ပြီး ယခုနှစ်တွင် ပဲမျိုးစုံဟက်တာ ၈၅ ဒသမ ၇၉ သိန်း စိုက်ပျိုးထားကာ ယခင်ရာသီက စိုက်ပျိုးမှုဟက်တာ ၇၀ ဒသမ ၁၄ သိန်းထက် သိသိသာသာတိုးလာခဲ့ကြောင်း၊ အဓိကပဲသီးနှံဖြစ်သည့် ပဲစင်းငုံစိုက်ပျိုးမှုသည် အထူးသိသာထင်ရှားစွာ မြင့်တက်လာခဲ့ပြီး ယမန်နှစ်က ဟက်တာ ၁၉ ဒသမ ၃၄ သိန်းသာစိုက်ပျိုးရာမှ ယခုနှစ်တွင် ဟက်တာ ၃၃ ဒသမ ၄၈ သိန်းအထိ တိုးမြှင့် စိုက်ပျိုးထားကြောင်း၊ ဤသည်မှာ စားနပ်ရိက္ခာဖူလုံရေး၊ သွင်းကုန်လျှော့ချရန်နှင့် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးရန်အတွက် ပဲစိုက်ပျိုးမှုအပေါ် အလေးထားမှုကြီးထွားလာခြင်းကို ထင်ဟပ်စေကြောင်း ဖော်ပြထားသည်။

ကိန်းဂဏန်းအချက်အလက်များအရ ဆီထွက်သီးနှံစိုက်ပျိုးမှုမှာလည်း မြင့်တက်လာပြီး ယခင်ရာသီက ဟက်တာ ၁၅၀ ဒသမ ၉၁ သိန်းသာရှိရာမှ ယခုနှစ်တွင် ဟက်တာ ၁၆၃ ဒသမ ၁၁ သိန်းအထိတိုးလာကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုတွင် ပဲပုပ်စိုက်ပျိုးမှု ကျဆင်းလာသော်လည်း မြေပဲစိုက်ဧရိယာတိုးလာခဲ့ကြောင်း၊ ယင်းသို့သီးနှံများ ပြောင်းလဲစိုက်ပျိုးမှုသည်

လယ်သမား၏ကြိုက်နှစ်သက်မှု (သို့မဟုတ်) ဈေးကွက်အခြေအနေများက သီးနှံရွေးချယ်မှုအပေါ် သက်ရောက်မှုရှိသည်ကို ညွှန်ပြနေကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် ကြံစိုက်ဧရိယာမှာမူ တည်ငြိမ်လျက်ရှိကြောင်း၊ ယခုရာသီတွင် ကြံစိုက်ဧက ၅၇ ဒသမ ၆၈ သိန်း စိုက်ပျိုးထားပြီး ယခင်နှစ် ကိန်းဂဏန်းများထက် အနည်းငယ်သာပြောင်းလဲမှုရှိကြောင်း၊ ဤတည်ငြိမ်မှုသည် ကြံအတွက် တည်ငြိမ်သောဝယ်လိုအားနှင့် တစ်သမတ်တည်းထုတ်လုပ်နိုင်မှုအဆင့်ကို ညွှန်ပြနေကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ဝါစိုက်ပျိုးမှုသည် ယခုရာသီတွင် လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ ယမန်နှစ်က ဟက်တာ ၁၀၅ ဒသမ ၆၆ သိန်းစိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၁၀၂ ဒသမ ၀၅ သိန်းသို့ လျော့ကျသွားခဲ့ကြောင်း သိရသည်။

ယေဘုယျအားဖြင့် ဝန်ကြီးဌာန၏အချက်အလက်များသည် မိုးရာသီအတွင်း လယ်သမားများ၏ စိုက်ပျိုးရေးအလေ့အထနှင့် သီးနှံရွေးချယ်မှုအပြောင်းအလဲများကို အလေးထားဖော်ပြထားကြောင်း၊ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စိုက်ဧရိယာများ တိုးလာခြင်းသည် အဆိုပါသီးနှံများအတွက် အပြုသဘောဆောင်သော အလားအလာကို ညွှန်ပြနေကြောင်းနှင့် ဝန်ကြီးဌာနမှ ဖော်ပြထားသည့် အချက်အလက်များသည် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်အထိဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၏ ယခုနှစ် မိုးရာသီစိုက်ပျိုးမှုတွင် မြန်မာနိုင်ငံမှ အဓိကတင်ပို့နေသည့် ပဲတစ်မျိုးဖြစ်သည့် ပဲစင်းငုံအား သိသိသာသာတိုးမြှင့်စိုက်ပျိုးထားရှိသည်။

**Source: Kharif crop sown area soars to over 704 lakh hectares, pulses area increases, cotton declines, The Economic Times, July 20, 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (24.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,024 (Shares) | 32,279,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +300 | +3.53% | 8,700 | 8,800 | 8,700 | 628 | 5,525,900 | 33,109,694 | 291,365 |
| MTSH | 00002 | 3,500 | -50 | -1.41% | 3,500 | 3,550 | 3,500 | 504 | 1,766,500 | 38,929,150 | 136,252 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,750 | +50 | +2.94% | 1,650 | 1,750 | 1,650 | 9,409 | 16,095,300 | 29,664,613 | 51,913 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,800 | 2,800 | 2,750 | 55 | 151,500 | 12,823,224 | 35,264 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,800 | 1,800 | 1,750 | 240 | 420,600 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,700 | 4,800 | 4,700 | 429 | 2,016,800 | 10,497,598 | 50,389 |
| MAEX | 00008 | 3,500 | -150 | -4.11% | 3,650 | 3,650 | 3,500 | 1,759 | 6,303,200 | 23,804,946 | 83,317 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 24th Jul. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.12 | +2.79 | +0.69% | 406.47 | 410.57 | 406.47 | 13,024 | 32,279,800 | 8 | 769,788 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Jul, 2024

| Trading Volume | Trading Value |
|---|---|
| 13,024 (Shares) | 32,279,800 (MMK) |

## Main Board

As of 1:00 pm, 24th Jul, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,024 (Shares) | 32,279,800 (MMK) |

| MYANPIX | 408.12 ▲ 2.79 |
|---|---|
| Total Volume (shares) | 13,024 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 769,788 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 300 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 50 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 3,500 | ▼ 150 |